# ထုတ်ကုန်လုပ်ငန်းဖြာထွက်မှု စင်တာတည်ဆောက်ရန်

## ယူနန်သည် တက်သစ်စလုပ်ငန်းကြီး(၆)မျိုး ဦးစားပေးဖွံ့ဖြိုး

▶▶ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူဖြာထွက်မှုစင်တာကို တည်ဆောက်ရာတွင် အဓိကမဏ္ဍိုင်မှာ ထုတ်ကုန်လုပ်ငန်းဖြစ်ပြီး အလေးပေးထားရသည်မှာစက်မှုလုပ်ငန်းပင်ဖြစ်သည်။ ထုတ်ကုန်လုပ်ငန်း ဖြာထွက်မှုစင်တာ တည်ဆောက်ရေး၊ အလေးပေး ထုတ်ကုန်လုပ်ငန်းအား အရှိန်အဟုန်မြှင့် ပြုစုပျိုးထောင်ရေးဟူသည့် ရည်မှန်းချက် ပန်းတိုင်တာဝန်ကိုဗဟိုပြု၍ ယူနန်ပြည်နယ်သည် ဆေးရွက်ကြီး၊ စွမ်းအင်စသည့် ထုတ်ကုန်လုပ်ငန်းဆိုင်ရာ အားသာချက်များကို အဆင့်မြှင့် တိုးတက်သွားမည်ဖြစ်သည်။ သံနှင့်သံမဏိ၊ သံမဟုတ်သည့် သတ္တုများ၊ ဆောက်လုပ်ရေးပစ္စည်း စသည့်သမာရိုးကျထုတ်ကုန်လုပ်ငန်းများကို အဆင့်မြှင့်ပြုပြင်သွားမည်ဖြစ်သည်။ အလေးပေးထုတ်ကုန်လုပ်ငန်း ဖွံ့ဖြိုးရေး စီမံချက်များကို အကောင်အထည်ဖော်၍ ဇီဝဆေးဝါး၊ လယ်ယာထွက် စားသုံးကုန် အချောကိုင်လုပ်ငန်း၊ သံမဟုတ်သည့်သတ္တုနှင့် အဖိုးတန်ရှားပါး သတ္တုပစ္စည်းသစ် ထုတ်ကုန်လုပ်ငန်း၊ မော်တော်ယာဉ်နှင့် ခေတ်မီစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ရေနံနှင့် အနုစိတ်ကျ ဓာတုစက်မှုလုပ်ငန်း၊ အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်လုပ်ငန်း စသည့်တက်သစ်စထုတ်ကုန် လုပ်ငန်းကြီး(၆)မျိုးတို့ကို ဦးစားပေးဖွံ့ဖြိုးသွားမည်ဖြစ်ပြီး တက်သစ်စထုတ်ကုန်လုပ်ငန်းများ၏ နောက်ပေါ်အားသာချက်များကို အစွမ်းကုန်စုစည်း၍ ဖြစ်ပေါ်လာစေရန်ဖြစ်သည်။

ယူနန်ပြည်နယ် အစိုးရစက်မှုနှင့် သတင်းအချက်အလက် လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ ၂၀၁၅ ခုနှစ်မှ၂၀၁၇ ခုနှစ်အထိ ယူနန်ပြည်နယ် အနေဖြင့် တက်သစ်စထုတ်ကုန် လုပ်ငန်းကြီး(၆)မျိုးကို ဗဟိုပြု၍ အလေးပေး စီမံကိန်းကြီး ၂၂၀ခုကို အကောင်အထည်ဖော်ပြီး ရင်းနှီးငွေယွမ်၁၂၀ ဘီလီယံကို ပြီးစီးကာ အရောင်းရဝင်ငွေ ယွမ်၂၄၀ ဘီလီယံ အထက်အသစ် တိုးမြှင့်စေမည်ဖြစ်ကြောင်း၊ ဇီဝဆေးဝါးလုပ်ငန်း ကဏ္ဍမှာ ဝိသေသထူးခြားချက်၊ အားသာချက်နှင့် ပြည့်စုံသော တရုတ်ဘယဆေး၊ တိုင်းရင်းဆေးများကို ဦးစားပေး ဖွံ့ဖြိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိ ဆန်းသစ်တီထွင်ထားသောဆေးဝါး၊ တိုင်းရင်းဆေး ကုန်ပစ္စည်းများအတွက် ဒုတိယအကြိမ် ဖွံ့ဖြိုးရန်နှင့် ဆေးဝါးဖြစ်၊ စားသောက်ကုန်ဖြစ်အရင်းအမြစ်အသစ်ဖွံ့ဖြိုးရန် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယူနန် ပိုင်ယော်ခေါ်ဆေးဝါးနှင့်စန်းချိ၊ တိန်းကျန်ဟွားခေါ် တိုင်းရင်းဆေးများကို အလေးပေးထုတ်လုပ်မည်ဖြစ်မှုပိုင်ခွင့်ဖြင့် ဆန်းသစ်တီထွင်သော ဇီဝဆေးဝါးနှင့် ပုံတူထုတ် ဇီဝဆေးဝါးတစ်သုတ်ကို သုတေသနပြု ထုတ်လုပ်ကာ နာမည်ကျော်ကျန်းမာရေး ထုတ်ကုန်အမှတ်တံဆိပ်အချို့ကို ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း၊ လယ်ယာစားသောက်ကုန် အချောကိုင်ရေးကဏ္ဍမှာ စားသောက်ကုန် စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းကို မြှင့်တင်၍ ပြီးပြည့်စုံသည့် စံချိန်စံညွှန်းအရ စနစ်ကျစေပြီး အမှတ်တံဆိပ် ထူထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် လက်ဖက်၊ အရက်၊ သကြား၊ စားသုံးဆီ၊ သစ်ကြားသီး စသည့် ထုတ်ကုန်တန်ဖိုးယွမ် ၁၀ ဘီလီယံကျော် ဖော်ဆောင်ခဲ့သည့် ဝိသေသထူးခြားချက်ပါ စားသောက်ကုန် အချောကိုင်လုပ်ငန်း(၈)မျိုးအား ပြုစုတည်ထောင် သွားမည်ဖြစ်ကြောင်း၊ သံမဟုတ်သည့်သတ္တုနှင့် အဖိုးတန်ရှားပါး သတ္တုပစ္စည်းသစ်ကဏ္ဍမှာ စွမ်းဆောင်ရည်မြင့်မားသောပစ္စည်းအသစ်၊ ခေတ်မီဖွဲ့စည်းမှုဆိုင်ရာပစ္စည်းနှင့် စွမ်းဆောင်ရည်မြင့်မားသော တွဲစပ်ပစ္စည်းတို့ကို အလေးထားပြီး ပစ္စည်းသစ်ထုတ်စက်မှု လုပ်ငန်းဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မော်တော်ယာဉ်နှင့် ခေတ်မီစက်ပစ္စည်း ထုတ်လုပ်ရေးကဏ္ဍမှာ မော်တော်ယာဉ်၊ အများသုံး လေကြောင်း၊ အဆင့်မြင့် ဒစ်ဂျစ်တယ် ကွန်ထရိုးတွင်ခုံ၊ လျှပ်စစ်စက်ပစ္စည်း၊ အလင်း၊ လျှပ်စစ်စက် ကိရိယာထုတ်လုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးပြီးလယ်ယာသုံး စက်ကိရိယာ၊ အပေ့ါစား အလေးစား ထရပ်ကား၊ မော်တော်ဆိုင်ကယ် စသည်များကို အလေးထားသော စက်ကိရိယာများအဖြစ် ဖွံ့ဖြိုး၍ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသည့် စက်ကိရိယာ ထုတ်လုပ်တင်ပို့ရန် စခန်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရေနံနှင့်အနုစိတ် ဓာတုစက်မှုလုပ်ငန်းကဏ္ဍမှာ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း၏ မဟာဗျူဟာမြောက် အားသာချက်ကို ဖော်ထုတ်ပြီး စွမ်းအင်အရင်းအမြစ်၏ အကျိုးဖြစ်ထွန်းမှုကို အပြည့်အဝထုတ်လွှတ်ခြင်းဖြင့် အထက်အောက် ထုတ်ကုန်လုပ်ငန်းချင်း အစုံလိုက်မှု၊ ထုတ်ကုန်ဇစ်ကွင်းဆန့်ထွက်မှုကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး ရေနံအချောကိုင်လုပ်ငန်းအုပ်စုကို အစွမ်းကုန် ပြုစုမွေးထုတ်ကာ တရုတ်အနောက် တောင်ပိုင်းအရေးပါသည့် တက်သစ်စ ရေနံဓာတု ထုတ်လုပ်ရေးစခန်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှသို့ မျက်နှာမူသည့် အရေးပါသော ရေနံဓာတုထုတ်လုပ်ရေး စခန်းအဖြစ် တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ အီလက်ထရွန်နစ်နှင့် သတင်းအချက် အလက်ကဏ္ဍမှာ ဟွာဝေအုပ်စု၊ အားလီပါးပါးစသည့် ယူနန်ပြည်နယ်သို့ ဝင်ရောက်ရန် စီမံကိန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကူမင်း၊ယွီရှီး၊ ပေါင်စန်းစသည့် ပြည်နယ်ခွဲ(မြို့)များ၏ သတင်းအချက်အလက် ထုတ်ကုန်စခန်းကိုအရှိန်အဟုန်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အနီအောက်ရောင်ခြည်၊ မိုက်ကရိုဝေ့ဖ် ညကြည့်ကရိယာ၊ မျက်မှန် (ပတ်/တပ်)ကွန်ပျူတာစသည့် အလင်းလျှပ်စစ် အီလက်ထရွန်နစ် ကိရိယာနှင့် စက်ပစ္စည်းထုတ်လုပ်ရေး တိုးတက်မှု အဆင့်အတန်းကို မြှင့်တင်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။



တက်သစ်စ ထုတ်ကုန်လုပ်ငန်းကြီး(၆)မျိုးကို တိကျသေချာစွာ ဖွံ့ဖြိုးတိုး တက်နိုင်စေရန် ယူနန်ပြည်နယ်သည် စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံရန် တိုးချဲ့ပေးရေး၊ ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်ဖြင့် ဖိတ်ခေါ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ထောက်ပံ့ရန် ကြိုးပမ်းဆောင်ရွက်ရေးစသည့်နည်းလမ်းများဖြင့် တစ်ဆင့်တက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝိသေသထူးခြားချက်နှင့် အားသာချက်များဖြင့် ပြည့်စုံလျက်ရှိသော ထုတ်ကုန်လုပ်ငန်းများကို အားသွန်ခွန်စိုက် တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး ယူနန်ပြည်နယ်၏ ထုတ်ကုန်လုပ်ငန်းအား သမရိုးကျ လုပ်ငန်းများ အဆင့်မြှင့်တင်ရေး၊ တက်သစ်စ လုပ်ငန်းများအတိုင်းအတာကြီးမားစေရေး၊ အစိမ်းရောင်ထုတ်ကုန် လုပ်ငန်းများ အနုစိတ်စေရေး၊ သိပ္ပံနည်းပညာအောင်မြင်မှုအား ထုတ်ကုန်လုပ်ငန်းအဖြစ် ပြောင်းလဲစေရေး၊ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝရန်တာများဖြင့် ဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက် ထုတ်ကုန်လုပ်ငန်းများအား စခန်းများဖြင့် ထုတ်လုပ်ရေးအတွက် ခြေလှမ်းမှန်မှန် ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ဝမ်ယုံကန်း**

# ကူမင်းမြို့သည် မြို့ပြပတ်ဝန်းကျင်စီမံဆောင်ရွက်ပြီး

# တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ကြိုဆို

▶▶ ယခုရက်ပိုင်းအတွင်း ကူမင်းမြို့သည် တတိယအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့်(၂၃) ကြိမ်မြောက် တရုတ်ကူမင်း ကုန်စည်ပြပွဲ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း အစီအစဉ်နှင့် မြို့ပြပတ်ဝန်းကျင် စီမံဆောင်ရွက်ရန် “ရက်တစ်ရာတိုက်ပွဲ”အစီအစဉ်ကို ထုတ်ပြန်လိုက်ကြောင်း သိရပါသည်။

တျန်းချီနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာသည် မြို့တွင်းနှင့် အလှမ်းဝေးခြင်း၊ နေထိုင်စားသောက်မှု အခြေအနေ အသင့်အတင့် ချို့တဲ့ခြင်း၊ လမ်းပန်း ဆက်သွယ်ရေး အခြေခံအဆောက်အအုံ ပြီးပြည့်စုံမှု မရှိခြင်းစသည့် လက်တွေ့အခြေအနေများကို ရည်စူး၍ ကူမင်းမြို့အစိုးရသည် သိပ္ပံနည်းကျသော အစားအသောက်ဖြေရှင်းရန် အစီအစဉ်နှင့် ပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေး ဖြေရှင်းရန်အစီအစဉ်များကို လျင်မြန်စွာ ထုတ်ပြန်ချမှတ်ပြီး အရည်အသွေးလည်း မြင့်မား၊ အလုပ်လည်းတွင်ကျယ်၊ စနစ်လည်းကျသည့် ဝန်ဆောင်မှုများဖြင့် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အာမခံပေးရမည်ဟုတောင်းဆိုလိုက်ပါသည်။

ကူမင်းမြို့အစိုးရသည် အလေးထားသောနိုင်ငံ၊ ဒေသနှင့် ကုမ္ပဏီများအတွက် ယခင်ကတွေ့ဆုံမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကမ်းလှမ်းမှုများရှိခဲ့လျှင် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများကို ပိုမို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အသစ်ချိတ်ဆက်ထားသော ဒေသနှင့်ကုမ္ပဏီများအတွက် ONE BY ONEပုံစံဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပါဝင်ပြသမှု ခေါ်ယူနိုင်ကြောင်း၊ ခေါင်းဆောင်များ တွေ့ဆုံခြင်း၊ ကွင်းဆင်းချိတ်ဆက်ခြင်း၊ အစည်းအဝေးကျင်းပစဉ် ညှိနှိုင်းဆွေးနွေးခြင်းနှင့် အစည်းအဝေးအပြီး ကွင်းဆင်းလေ့လာခြင်း စသည့်အခွင့်အရေးများကို တက်ကြွစွာ အသုံးချပြီး စီမံကိန်းတစ်သုတ်အား လက်မှတ်ရေးထိုးဖြစ်နိုင်ရန် ပြည်တွင်းပြည်ပမှ အရေးကြီးသောဖောက်သည်နှင့် ကတ်စတန်မာများနှင့် ကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် လက်မှတ်ရေးထိုးထားသော စီမံကိန်းများမှာရင်းနှီးမြှုပ်နှံမှုအတိုင်းအတာ ပိုမိုကြီးမားရန်၊ ပါဝင်လာကြသည့် နေရာဒေသ ပိုမိုများပြားရန်၊ သိပ္ပံနည်းပညာပါဝင်မှုနှုန်း ပိုမိုမြင့်မားရန်၊ ထုတ်ကုန်လုပ်ငန်း အတွက် ရွှေ့သွားပြုအား ပိုမိုတောင့်တင်းရန် အစွမ်းကုန် ကြိုးစားပြီး အရောင်းအဝယ်ဖြစ်မြောက်သည့် ပို့ကုန်သွင်းကုန် ပမာဏနှင့် လက်မှတ်ရေးထိုးသော စီမံကိန်းအရေအတွက်၊ လက်မှတ်ရေးထိုးသော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏမှာယမန်နှစ် တောင်အာရှ ကုန်စည်ပြပွဲထက် မနည်းစေရန် ကြိုးပမ်းသွားရ မည်ဖြစ်ကြောင်းတင်ပြလိုက်ပါသည်။

**လီချောင်း**

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

## မဟာမဲခေါင်ဒေသခွဲ ရထားလမ်းမဟာမိတ်အဖွဲ့ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေး ကူမင်းမြို့၌ကျင်းပ

# ရထားလမ်းဖြင့်အပြန်အလှန်ဆက်သွယ်နိုင်ရန် အရှိန်အဟုန်မြှင့် ဆောက်လုပ်

▸▸ မကြာမီရက်ပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ ရထားလမ်းမဟာမိတ်အဖွဲ့ (GMRA)၏ပထမအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို ကူမင်းမြို့၌ ကျင်းပခဲ့ပါသည်။ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်စသည့် GMRA၏အဖွဲ့ဝင်နိုင်ငံ (၆)နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များက အစည်းအဝေး တက်ရောက်ခဲ့ကြသည်။

GMRAသည် မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးစနစ် (GMS)အောက်မှ အစိုးရများအကြားရထားလမ်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယမန်နှစ် ဩဂုတ်လတွင်တရားဝင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းနိုင်ငံအသီးသီး၏ ရထားလမ်း အခြေခံအဆောက်အအုံများ အရှိန်အဟုန်ဖြင့် တည်ဆောက်၍ ခရီးသည်များ၊ ကုန်စည်ပစ္စည်းများကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ရထား လမ်းအပြန်အလှန် ဆက်သွယ်ရန် ဆောက်လုပ်ခြင်းဖြင့် GMRA အဖွဲ့ဝင်နိုင်ငံများ၏ လမ်းပန်း ဆက်သွယ်ရေးကွန်ရက်မှာ နောက်ဆုံးတွင် မြောက်ပိုင်းရှိ ပိုးလမ်းမကြီးစီးပွားရေးဇုန်၊ တောင်၏ပိုင်းရှိ ပင်လယ်ပြင်ပိုးလမ်းမကြီး၊ အနောက်ပိုင်းရှိ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေး စင်္ကြံတို့နှင့် ဆက်သွယ်နိုင်သည့် ကွန်ရက်အနေအထားကို အကောင်အထည်ဖော်သွား မည်ဖြစ်သည်။ GMRA ပူးပေါင်းဆောင်ရွက်ရေးစနစ်သည် ဒေသတွင်း အခြေခံအဆောက်အအုံဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုကို အဆင့်မြှင့်တင်ပြီး ဒေသတွင်းစီးပွားရေးအသိုက်အဝန်းတည်ထောင်ရေး၊ "ဇုန်တစ်ဇုန်လမ်းတစ်လမ်း" မဟာဗျူဟာကို လက်တွေ့ အကောင်အထည်ဖော်ရေး၏ အရေးကြီးလှသည့် အောင်မြင်မှု တစ်ရပ်ပင်ဖြစ်သည်။

တရုတ်နိုင်ငံအစိုးရ ရထားပို့ဆောင်ရေး ဦးစီးဌာနဒုတိယဌာနမှူး၊ GMRA ဒါရိုက်တာများအဖွဲ့ တရုတ်နိုင်ငံအဖွဲ့ဝင် ဖူရှန်ယီဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့ကယင်းအစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ ဖူရှန်ယီသည် တရုတ်နိုင်ငံအနေနှင့် နိုင်ငံတကာ ရထားလမ်း ပူးတွဲပို့ဆောင်ရေးဆိုင်ရာ အတွေ့အကြုံများကို သက်ဆိုင်ရာနိုင်ငံများနှင့် မျှဝေစေချင်ကြောင်း၊ လက်တွဲပူးပေါင်းပြီး ဒေသတွင်း ရထားလမ်းအပြန်အလှန်ဆက်သွယ်ရေးလုပ်ငန်း စောစီးစွာဖော်ဆောင်နိုင်ရန်အတွက် အကျိုးဆောင် သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယူနန်ပြည်နယ် အရာရှိကလည်း လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများတည်ဆောက်ရေးလုပ်ငန်းများကိုလျှင်မြန်စွာ ဖော်ဆောင်နိုင်ရန်အတွက် ယူနန်ပြည်နယ် အနေနှင့် ၂၀၁၆ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း "လမ်းပန်းဆက်သွယ်ရေး တိုက်ပွဲကြီး"ကို အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း၊ ပြည်ပပိုင်းတွင် တောင်အာရှနှင့်အရှေ့တောင်အာရှ ပြည်တွင်းပိုင်းတွင် တရုတ်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ဝမ်းဗိုက်ပိုင်း ဒေသများနှင့် ဆက်သွယ်နိုင်သော အထွေထွေ လမ်းပန်းဆက်သွယ်ရေးစနစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း။ GMRA စနစ်၏ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်း ရထားလမ်း အပြန်အလှန်ဆက်သွယ်ရေးလုပ်ငန်းမှာလျင်မြန်စွာ တိုးတက်သွားမည်ဖြစ်ကြောင်း၊ အဆင်ပြေချောမွေ့သော ရထားလမ်းများကို အမှီပြု၍ ယူနန်ပြည်နယ်သည် GMS နိုင်ငံများနှင့် ကဏ္ဍအသီးသီးမှ ပူးပေါင်းဖလှယ်ရေးကိုလည်း ပိုမို တိုးတက်ခိုင်မြဲသွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

**ရန်ဟုန်ချွန်**

# တရုတ် – အာဆီယံအခွန်ထိန်းသိမ်းရန်ထုတ်ကုန်လုပ်ငန်းကုန်သွယ်ရေးဇုန်ကို

## ပထမနှစ်ဝက်အတွင်းဆောက်လုပ်ပြီးစီးမည်

▸▸ မကြာမီရက်ပိုင်းတွင် ယူနန်ပြည်နယ် အစိုးရစီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဦးစီးဌာနသည် ကူမင်းမြို့သို့ အခွန်ထိန်းသိမ်းရန် ကုန်စည်စီးဆင်းရေး စင်တာဖွင့်လှစ်ရန် လျှောက်ထားခြင်းကိုစွရပ်နှင့် စပ်လျဉ်း၍ကွင်းဆင်းလေ့လာခဲ့သည်။ အဆင့်မြင့်နည်းပညာစီမံခန့်ခွဲရေးဇုန်တွင်း တည်ရှိနေသော တရုတ်-အာဆီယံ အခွန်ထိန်းသိမ်းရန် ထုတ်ကုန်လုပ်ငန်း ကုန်သွယ်ရေးဇုန်စီမံကိန်းကို ပထမနှစ်ဝက်အတွင်း ဆောက်လုပ်ပြီးစီး မည်ဖြစ်ပြီး တစ်နှစ်လျှင်ရောင်းဝယ်မှုပမာဏမှာ ယွမ်ဘီလီယံ (၁၀၀)ရောက်ရှိမည် ဖြစ်ကြောင်း သိရှိရသည်။

တရုတ်-အာဆီယံအခွန် ထိန်းသိမ်းရန် ထုတ်ကုန်လုပ်ငန်း ကုန်သွယ်ရေးဇုန်စီမံကိန်းသည် မာကျင်ဖုနယ်မြေ ကူမင်းမြို့သစ် အဆင့်မြင့်နည်းပညာ ထုတ်ကုန်လုပ်ငန်းစခန်းတွင် တည်ရှိလျက်ရှိသည်။ စီမံကိန်းအတွက် အသုံးပြုမည့်အသားတင်မြေဧရိယာမှာ တရုတ်မို ၂၉၃၈ မိုဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာယွမ်(၁၀)ဘီလီယံခန့်ရှိမည်ဖြစ်သည်။ ယင်းဇုန်ကို ကူမင်းအကောက်ခွန် ဦးစီးဌာန၏ညွှန်ကြားမှု၊ အသိအမှတ်ပြုမှုဖြင့် အာဆီယံအပြည်ပြည်ဆိုင်ရာ ဈေးကွက်နှင့် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသသို့ မျက်နှာမူပြီး အတိုင်းအတာ အကြီးမားဆုံးနှင့် အဆင့်အတန်း အမြင့်မားဆုံးဖြစ်ပြီး အကောက်ခွန်၊ ကုန်ပစ္စည်းစစ်ဆေးရေး၊ စက်မှုနှင့်ကုန်သွယ်မှု၊ အခွန်၊ ငွေရေးကြေးရေး၊ အီလက်ထရွန်းနစ်အွန်လိုင်းကုန်သွယ်ရေး စသည့်ဘက်တွင် အကောင်းဆုံးသော ဝန်ဆောင်မှုပေးနိုင်သည့် ဘက်စုံအပြည်ပြည်ဆိုင်ရာ အခွန်ထိန်းသိမ်းရန် ကုန်စည်စီးဆင်းရေးဇုန်အဖြစ် တည်ဆောက် သွားမည်ဖြစ်သည်။ စီမံကိန်းကို အပိုင်း(၇)ပိုင်းအဖြစ် ခွဲခြားသတ်မှတ်ထားမည်ဖြစ်သည်။ ၎င်းတို့မှာ အပြည်ပြည်ဆိုင်ရာ အခွန်ထိန်းသိမ်းရန် ကုန်စည်စီးဆင်းရေးဇုန်၊ အပြည်ပြည်ဆိုင်ရာ အထွေထွေကုန်စည်စီးဆင်းရေးဇုန်၊ အာဆီယံရှိ ကုမ္ပဏီများရုံးချုပ်စခန်း၊ ရထားသီးသန့်သုံး ဘူတာရုံ၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး လုပ်ငန်းဇုန် (အခွန်လွတ်ဈေးရောင်း စင်တာနှင့် ပြပွဲများစင်တာ အပါအဝင်)၊ အာဆီယံအခွန်လွတ်ကုန်ပစ္စည်း ရောင်းဝယ်ရေးဇုန်၊ အပြည်ပြည်ဆိုင်ရာ ဂေဟာအပန်းဖြေဝန်ဆောင်မှု စခန်းစသည်တို့ဖြစ်သည်။ စီမံကိန်းပြီးစီးပါက နှစ်စဉ် ရောင်းဝယ်မှုပမာဏမှာယွမ် ဘီလီယံ(၁၀၀)ခန့် ရှိနိုင်မည်ဟုခန့်မှန်းထားသည်။ ထိုအခါကျလျှင် ကုန်စည် စီးဆင်းရေးလုပ်ငန်းကို အဓိကထားသော၊ အခွန်ထိန်းသိမ်းရန် ကုန်စည်စီးဆင်းရေးကို အမြဲတေကျသော၊ အပိုတန်ဖိုးမြင့်မားသော ကုန်ပစ္စည်းအချောကိုင်လုပ်ငန်း၊ အခွန်ထိန်းလုပ်ငန်း၊ ကုန်စည်စီးဆင်းရေး လုပ်ငန်း၊ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ အိမ်ရာလုပ်ငန်းစသည့် ဆက်စပ်လုပ်ငန်းများကို တိုးတက်စေမည်ဖြစ်ပြီး တစတစအောင်မြင်ဖြစ်ထွန်းလာသည့် စုဝေးရာအရပ်ဖြစ်တည်လာနိုင်မည်ဖြစ်သည်။

**တုထော်**

ဓာတ်ပုံသတင်း

# ကူမင်းတောင်ပိုင်းဘူတာရုံသစ်သည် တောင်အာရှအရှေ့တောင်အာရှသို့

## ဖြာထွက်ရန် အရေးပါသောအချက်အချာဖြစ်



▸▸ ကူမင်းတောင်ပိုင်း ဘူတာရုံသစ်ကို အရှိန်အဟုန်မြှင့် ဆောက်လုပ်လာသည်နှင့်အမျှ ကူမင်းမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း "အမြန်ရထားအရှိန်"သို့ ဝင်ရောက်တော့မည် ဖြစ်သည်။ နိုင်ငံတော်အဆင့်ရထားလမ်း၊ မြေအောက်ရထားလမ်း၊ ဘတ်စ်ကား၊ တက်စီအငှားကားစသည့် လမ်းပန်းဆက်သွယ်ရေးစနစ်များကို တစ်ပါတည်း စုစည်းထားသော အကြီးစားအထွေထွေလမ်းပန်းဆက်သွယ်ရေးအချက်အချာသည် ကူမင်းမြို့မှ အနယ်နယ်အရပ်ရပ်နှင့် အပြန်အလှန် ဆက်သွယ်နိုင်မည့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကြီးကိုပေါက်သွားနိုင်မည်ဖြစ်ပြီး "ဇုန်တစ်ဇုန် လမ်းတစ်လမ်း" မဟာဗျူဟာစီမံကိန်းကြီးအတွင်း တောင်အာရှ၊ အရှေ့တောင်အာရှသို့ ဖြာထွက်သွားမည့် အရေးပါသောအချက်အချာ ဖြစ်သွားမှာဖြစ်သည်။

ဆောက်လုပ်နေဆဲ ကူမင်းတောင်ပိုင်းဘူတာရုံသစ်ကို တွေ့ရစဉ်။

**ဓာတ်ပုံ။ ယန်ကျိမ်း**

# တရုတ် ၊ ကူမင်းနိုင်ငံတကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုအနုပညာ

## အသုံးအဆောင်ပစ္စည်းပြပွဲ မေလကုန်ပိုင်းတွင်ကျင်းပမည်

နိုင်ငံတော်မှ ချမှတ်ထားသော "ဇုန်တစ်ဇုန်လမ်းတစ်လမ်း" မဟာဗျူဟာကို တိကျသေချာစွာ ဖော်ဆောင်ရန်နှင့် ယူနန်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေး စင်္ကြံ တည်ဆောက်ရေး စီမံကိန်းတွင် ရှေ့ဆောင်ပြည်နယ်၏ အခန်းကို အကောင်အထည်ဖော်နိုင်ရန် ကူမင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသည် ၂၀၁၅ခုနှစ် မေလ ၂၇ရက်မှ၃၁ရက်အထိ "တရုတ်၊ ကူမင်း နိုင်ငံတကာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အနုပညာ အသုံးအဆောင်ပစ္စည်းပြပွဲ" ကျင်းပမည်ဖြစ်ကြောင်း သိရပါသည်။ ယင်းပြပွဲသည် တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူနိုင်မည့် တရုတ်အနောက်ပိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အနုပညာ အသုံးအဆောင် ပစ္စည်းပြပွဲ၏ အမှတ်(၁)အမှတ်တံဆိပ် ဖြစ်ဖွယ်ရှိကြောင်း သိရပါသည်။

ယခုအကြိမ် ပြပွဲသည်"ဘာသာရေးပြေပြစ်ရေး၊ ယဉ်ကျေးမှုပြေပြစ်ရေး၊ လူမှုရေးပြေပြစ်ရေး၊ ကမ္ဘာကြီးပြေပြစ်ရေး"ကို ဆောင်ပုဒ်အဖြစ်ထားပြီး ဗုဒ္ဓဘာသာရတနာ(၇)ပါး ပြခန်း၊ သက်သတ်လွတ် တရားထိုင်ရေစွေးကြမ်းသောက် ကျန်းမာရေးစောင့်ရှောက်ခန်း၊ အရှေ့တောင်အာရှ ဗုဒ္ဓဘာသာ အသုံးအဆောင်ပစ္စည်းများပြခန်းနှင့် မွေးကြိုင်ရနံ့ အိမ်ခန်းတွင်း ယဉ်ကျေးမှုပြခန်း စုစုပေါင်း(၄)ခန်းဖွင့်လှစ်မည်ဖြစ်ပြီး စံပြပြကွက် ၁၅၀၀ခုရှိကာ ပြခန်းများ၏ဧရိယာမှာ စတုရန်းမီတာ သုံးသောင်း နီးပါးရှိသည်။ ဘုရားဆင်းတုတော်များ၊ ဗုဒ္ဓဘာသာ အသုံးအဆောင်ပစ္စည်းများ၊ ရှေးစံအိမ်တွင်းပရိဘောဂများ၊ အဝတ်အထည် တန်ဆာများ၊ ဗုဒ္ဓဘာသာရတနာ(၇)ပါး၊ ကျောင်းဆောင်ဆောက်လုပ်ရေး အနုပညာဆိုင်ရာစာအုပ်များ၊ ဗုဒ္ဓဘာသာ လက်ရေးစာမူ၊ ပန်းချီကားနှင့်ရုပ်သံပစ္စည်းများ၊ လက်ဖက်အသုံးအဆောင်ပစ္စည်းများ၊ မွေးကြိုင်ရနံ့ယဉ်ကျေးမှုများ၊ သက်သတ်လွတ်ယဉ်ကျေးမှုများ၊ နိုင်ငံတကာ လူထုထုံးတမ်းစဉ်လာ အသုံးအဆောင်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ စသည်တို့ကို အဓိကထားပြီး ခင်းကျင်းပြသသွားမည် ဖြစ်သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာဖလှယ်နိုင်စေရန် ပြပွဲကာလအတွင်း ၄င်းနှင့်အစုံလိုက်သော အစီအစဉ်များကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ယခုအကြိမ်ပြပွဲကို ယူနန်ပြည်နယ် ဝိသေသထွက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ယူနန်ပြည်နယ်ကျောက်မျက်ရတနာ လက်ဝတ်တန်ဆာလုပ်ငန်းအသင်း၊ ယူနန်ပြည်နယ် ရှီဘိုးနိုင်ငံတကာပြပွဲကုမ္ပဏီလီမိတက် စသည့်အဖွဲ့အစည်းများက အတူတကွ ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ကြီးမှူးကျင်းပဘက်၏ မိတ်ဆက်ခြင်းအရ ဘာသာရေးယဉ်ကျေးမှု အနုပညာသည် ရှေးပဝေသဏီခေတ်မှစ၍ တည်ရှိခဲ့ပြီး နက်ဝှမ်းကြွယ်ဝလှသည့် တရုတ်ယဉ်ကျေးမှု၏ အရေးပါသည့် အစိတ်အပိုင်းလည်းဖြစ်၊ သမိုင်းတွင် တရုတ်နိုင်ငံမှ တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ယဉ်ကျေးမှုများဖလှယ်ရာတွင် အရေးပါသည့် အကြောင်းအရာလည်းဖြစ်ကြောင်း၊ ယူနန်ပြည်နယ်သည် တိုင်းရင်းသားလူမျိုးလည်းများပြား၊ ဘာသာရေးလည်းမျိုးစုံ၊ ယဉ်ကျေးမှုလည်းပေါများပြီး အပြန်အလှန် ရောနှောနေသော နယ်စပ်ပြည်နယ် တစ်ပြည်နယ်ဖြစ်ကြောင်း၊ ရှေးပဝေသဏီကစ၍ တရုတ်နိုင်ငံ၏ တောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာမူလျက် ကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ခဲ့သည့် ရှေ့တန်း နေရာဖြစ်ပြီး တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် သမိုင်းကြာရှည်စွာ ကူးလူးဆက်ဆံခဲ့ကြောင်း၊ "တရုတ်၊ ကူမင်းဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာ အသုံးအဆောင်ပစ္စည်းပြပွဲ" ကျင်းပခြင်းသည် လက်တွေ့ကျကျ ဆောင်ရွက်၍ ပြေပြစ်သော၊ ရောနှောပေါင်းစပ် နေထိုင်ကြသော ဖလှယ်ရေး ဝရန်တာ တစ်ခုကို တည်ဆောက်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ ညို့ဓာတ်များကို ပြသပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်ကာ ယူနန်ပြည်နယ်နှင့် တောင်အာရှ အရှေ့တောင်အာရှနိုင်ငံနှင့် ဒေသများနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်စေရန်အတွက် ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် "တရုတ်၊ ကူမင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအနုပညာ အသုံးအဆောင်ပစ္စည်းပြပွဲ"ကို တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူနိုင်သော တရုတ်နိုင်ငံ အနောက်ပိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အနုပညာ အသုံးအဆောင် ပစ္စည်းများပြပွဲ၏ အမှတ်(၁) အမှတ်တံဆိပ် ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောက်ကန်း**

# လင်ချန်းမြို့ဝမ်ရောင်ကြွေထည်ရွာတွင် ရှေးခေတ်ကြွေထည်လက်မှုပညာအမွေဆက်ခံ



ထက်တိုင် ထိန်းသိမ်း ထားလျက်ရှိပြီး ရှေးခေတ် ကြွေထည်ပြုလုပ်မှုလက်ရာများကို ပြန်လည် ပေါ်လာရခြင်းဖြစ်ကြောင်း၊ ယခုထက်တိုင် ဝမ်ရောင်ရွာတွင် နဂါးဖို(၁၁)ခု ကျန်ရစ်နေသေးကြောင်း သိရသည်။ ၂၀၁၂ခုနှစ်နှစ်ကုန်ပိုင်းတွင် ယင်းရွာကို ပထမအသုတ် တရုတ်ရိုးရာကျေးရွာများ စာရင်းထဲ ထည့်သွင်း သတ်မှတ်ခံခဲ့ရသည်။ ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ကြွေထည်ပြုလုပ်မှု အတတ်ပညာကို ယူနန်ပြည်နယ် တတိယအသုတ် ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

**သတင်းနှင့်ဓာတ်ပုံ။ ချူကျန့်ဖင်**

▸▸ ဝမ်ရောင် ကြွေထည်ရွာသည် လင်ချန်းမြို့ လင်ရှမ်မြို့နယ် ဘိုစန်မြို့နယ်ခွဲတွင် တည်ရှိနေခြင်း ဖြစ်သည်။ အဓိက ကြွေထည်ထွက်ကုန်များမှာ အိုး၊ ဇလုံ၊ စဥ့်အိုး၊ ပန်းကန်၊ သပိတ်၊ ပန်းကန်ပြား၊ ခွက်၊ ခရား၊ ပြာခံခွက်၊ အမွှေးတိုင်စိုက်အိုး၊ အရက်ထည့်စဥ့်အိုးစသည်တို့ ဖြစ်သည်။ အဆိုပါ ထွက်ကုန်များမှာ ပုံလည်းလှ၊ စျေးလည်းချို၊ အသုံးလည်းတည့်သည်။ လင်ရှမ်မြို့နယ်နှင့် အနီးတဝိုက်ရှိ ခရိုင်များ၏ လိုအပ်ချက်ကို ရောင့်ရဲပေးနိုင်ရုံမက အခြားသောပြည်နယ်ခွဲနှင့် အရှေ့တောင်အာရှနိုင်ငံများပါ ရောင်းချလျက်ရှိသည်။ ကြွေထည်လုပ်ငန်းရငွေသည် ရွာသူရွာသားများအတွက် အဓိကဝင်ငွေပင် ဖြစ်သည်။

လက်ရှိတွင် တစ်ရွာလုံး၌ ၈၅ရာခိုင်နှုန်းရှိသော အိမ်ထောင်များတွင် ကြွေထည်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ "တစ်ရွာလုံး ရွှံ့ကိုကစား၊ ကျားမမရွေး ကြွေထည်ပြုလုပ်" ဟူသော အခြေအနေကို ဖြစ်တည်လာသည်။ ကုန်ကြမ်း၊ ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကို တစ်ပါတည်းဆောင်ရွက်နိုင်သော အလုပ်ရုံကြီး ဖြစ်တည်လာသည်။ တစ်ရွာလုံးတွင် အလုပ်ရုံအကြီးအငယ် စုစုပေါင်း (၁၀၈)ရုံရှိသည်။ ၄င်းအနက် ၉၅ ရာခိုင်နှုန်းရှိသော အလုပ်ရုံများကို အုတ်ကြွပ်ခေါင်မိုး၊ သစ်သားထည်ဖွဲ့စည်းပုံ၊ မြေသားနံရံဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

မိတ်ဆက်ခြင်းအရ ဝမ်ရောင်ရွာတွင် ကြွေထည်ပြုလုပ်ခဲ့သည့် သမိုင်းမှာ ၂၇၉နှစ်ကျော်ရှိခဲ့ကြောင်း၊ "ကြွေထည်ပြုရွာ"ဟု ခေါ်တွင်ခံခဲ့ရကြောင်း၊ မြို့တွင်း၌ လက်မှုပြုလုပ်ခြင်းမှ လှည့်ဘီးပြုလုပ်ခြင်းသို့ ကူးပြောင်းလာသော အစောပိုင်းပုံသဏ္ဍာန်ကို ကျန်ရစ်ခဲ့သည့်အပြင်၊ ဖိုမပါဘဲကြွေထည် ပြုလုပ်ခြင်းမှ ဖိုဖြင့်ပြုလုပ်ခြင်းသို့ ကူးပြောင်းလာသော ပဏာမအဆင့်ကိုလည်း ယခု

## ယူနန်ပြည်နယ်သည်ယွမ်သန်း၅၆၀ရင်းနှီးမြှုပ်နှံပြီး စီလင်ခရိုင်တွင် ရှောင်လင်ယဉ်ကျေးမှု ဥယျာဉ်တည်ဆောက်မည်

မကြာမီ ယူနန်ပြည်နယ် စီလင် ခရိုင်အစိုးရနှင့် စီလင်တျန်းလုံ ရှောင်လင် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်တို့သည် ယူနန် စီလင် ရှောင်လင်ယဉ်ကျေးမှုဥယျာဉ်စီမံကိန်း ဖွံ့ဖြိုးရန် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ သည်။ ယင်းသဘောတူ စာချုပ်အရ စီလင်ခရီး သွားရေး ဝန်ဆောင်မှုနယ်မြေအတွင်း ယူနန်စီလင် ရှောင်လင် ယဉ်ကျေးမှု ဥယျာဉ်စီမံကိန်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ကျောင်းဆောင်၊ ရှောင်လင်ကွန်ဖူး သရုပ်ပြစင်တာ၊ ရှောင်လင်ယဉ်ကျေးမှု နိုင်ငံတကာဖြန့်ဖြူးရေးစင်တာ၊ ရှောင်လင်သိုင်း သင်ကြားရေးစခန်းနှင့် နိုင်ငံတကာတရားစခန်း များကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်း၏ ဧရိယာ အကျယ်အဝန်းမှာ (၂၀၃)မိုဖြစ်ပြီး အဆောက် အဦးအတွက် အသုံးပြုမည့်ဧရိယာ (၁၄၀)မိုခန့် ရှိကာ စုစုပေါင်း ယွမ်သန်း ၅၆၀ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဟု ခန့်မှန်း ထားသည်။

**လီကျန့်ဖေး**

# ကူမင်းယွမ်ထုံးတိရစ္ဆာန်ဥယျာဉ်ရှိ နိုင်ငံခြားကြက်တူရွေးအကောင် (၅၀၀) သည် လူကိုတွေ့တွေ့ချင်း ပွတ်သီးပွတ်သပ် လုပ်တတ်သည်

▸▸ "ဟယ်--ဘာဖြစ်လို့ အကုန်လုံး ငါ့ခေါင်းပေါ် ရောက်လာကြသလဲ။ ငါ့ကို ဓာတ်ပုံ မြန်မြန်ရိုက်ပေးလေ"။ "ကြည့်ပါလား။ ငါ့လက်ပေါ်မှာ ကိုယ်ပေါ်မှာ ကြက်တူရွေးတွေချည်းပဲ၊ သူတို့ကငါ့ကိုသစ်ကိုင်းလို့များ ထင်နေသလား မသိဘူး"။

ယခုရက်ပိုင်းတွင် ကူမင်းတိရစ္ဆာန်ဥယျာဉ်၌ အစမ်းဖွင့်ထားသော ကြက်တူရွေးဥယျာဉ်ကို ရောက်လာလျှင် ယင်းကြက်တူရွေးများမှာ ပုံသဏ္ဍာန်အမျိုးစုံ၊ အရောင်အမျိုးစုံရှိနေသည်ကို တွေ့နိုင်သည်။ အစိမ်းရောင်၊ အနီရောင်၊ အပြာရောင်၊ အဝါရောင်တို့ဖြင့် ရွှန်းတင့်လှသည်။ ၎င်းအနက် အနီစိမ်းရောင် ကြက်တူရွေး၊ အပြာဝါရောင် ကြက်တူရွေးတို့သည် ခန္ဓာကိုယ်ထွားကြိုင်း လှသည်။ အမြီးပိုင်း အပါအဝင် အရှည် (၁.၁)မီတာအထိ ရှိနိုင်သည်။ ပါးစပ်သဏ္ဍာန်ကလည်း အလွန်ထူးဆန်း လှသည်။ သို့ရာတွင် သူတို့မှာ တူညီသော အချက်တစ်ချက်ရှိသည်။ ဤသည်ကား သူစိမ်းကို နည်းနည်းမျှ မကြောက်ပါ။ သင့်လက်ထဲတွင် ကွာစေ့ သို့မဟုတ် ခွံမာသီးစသည့် ကြက်တူရွေးကြိုက်နှစ်သက်သော အစားအစာများကိုင်ထားလျှင်သင်ခေါ်ရန် မလိုဘဲသူတို့တတွေသည် အစုလိုက် အပြုံလိုက် သင့်လက်ပေါ်၊ ခေါင်းပေါ် သို့မဟုတ် ပုခုံးပေါ်သို့ ပျံလာပြီး အစားလာစားလေ့ရှိသည်။

ကြက်တူရွေးများ စိတ်အားထက်သန်လွန်းသောကြောင့် အရင်လာရောက်လည်ပတ်သူခရီးသွားများအား အလွန်ဝမ်းသာ အံ့သြစေသည်။ ကူမင်းတိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ ယခုအကြိမ် တင်သွင်းမွေးမြူထားသော ကြက်တူရွေးများမှာ အမေရိကတိုက်၊ အာဖရိကတိုက်၊ ဩစတြေးလျတိုက် စသည့်ဒေသများမှ တင်သွင်းလာခြင်းဖြစ်ပြီး နာမည်ကျော်ကြက်တူရွေးမျိုး (၂၆)မျိုး၊ ကောင်ရေ (၅၀၀)ကျော်ရှိကြောင်း၊ လူ့အားဖြင့် မွေးမြူထားခြင်း ဖြစ်သောကြောင့် သူတို့သည် လူသားများနှင့် ရင်းနှီးလှကြောင်း၊ ခရီးသွားများ၏ လက်ထဲတွင် ကျွေးစရာအစာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေချစ်စရာကောင်းသော ကြက်တူရွေးများသည် ၎င်းတို့၏ကိုယ်ပေါ်သို့ ပျံလာပြီး ပွေ့လိုက် နမ်းလိုက်နှင့် ပွတ်သီးပွတ်သပ်လုပ်တတ်ကြောင်းသိရသည်။

ယင်းကြက်တူရွေးများသည် မျိုးကောင်း၍ အားလုံးနိုင်ငံခြားမှ တင်သွင်းလာခြင်းဖြစ်သည့်အပြင် ကြက်တူရွေးတိုင်းDNAမှတ်ပုံတင်ကတ် ရှိသေးသည်။ "ဒီဥယျာဉ်ဝင်မလာခင် ကြက်တူရွေးအားလုံး ကာကွယ်ဆေးတွေ ထိုးပြီးသားဖြစ်ပြီး ရောဂါကာကွယ်စစ်ဆေးရေးဌာနရဲ့ အစစ်ဆေးခံရတယ်။ ကြက်တူရွေးအားလုံးရောဂါပိုးမွှား မပါဘဲ ကျန်းကျန်းမာမာရှိမှသာ ခရီးသည်များနှင့် ဆုံတွေ့ခွင့်ပြုပါတယ်"ဟု ကူမင်းတိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းတစ်ဦးက ထိုသို့ ပြောကြားပါသည်။ ကြက်တူရွေးဥယျာဉ်ဖွင့်လှစ်ပြီးနောက် နေ့စဉ် နေ့လယ်ပိုင်းတွင် သီးခြားဝန်ထမ်းများဖြင့် သန့်ရှင်းရေး လုပ်လေ့ရှိကြောင်း၊ ညနေပိုင်းတွင် တစ်ကြိမ် ပိုးသတ်လေ့ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် လုံခြုံရေး ကဏ္ဍမှနေ၍ အာမခံပေးနိုင်ကြောင်း၊ ၎င်းအပြင် နောက်နောင်တွင် ကြက်တူရွေးများအတွက် နှစ်စဉ် ကျန်းမာရေးစစ်ဆေးပေးပြီး ဥယျာဉ်သို့ဝင်ရောက်လည်ပတ်သူများအား လုံခြုံစိတ်ချစေကြောင်း၎င်းကဆက်လက်ပြောသည်။





ကြက်တူရွေးဥယျာဉ်ထဲမှ ကြက်တူရွေးများသည် DNA စစ်ဆေးရေးစနစ်ဖြင့် ပြုလုပ်ပြီးသားဖြစ်ပြီး တေတာဘေ့စ်ထဲတွင် စုံစမ်းစစ်ဆေး နိုင်ကြောင်း၊ ထို့ပြင် ၎င်းတို့၏ခြေထောက်တွင် မွေးမြူရေးခြံ၏အမည်၊ မွေးသက္ကရာဇ်နှင့် အမှတ်စဉ်စသည့် သက်ဆိုင်ရာသတင်းအချက်အလက်များကို ရေးသားဖော်ပြထားကြောင်း သိရသည်။

ကျော်ရွှေကျား

# မင်္ဂလာလိုလား၍ကူမင်းမြို့သူမြို့သားများသည် "နဂါးခေါင်း" နေ့တွင် အစုလိုက်အပြုံလိုက် ဆံသ

▸▸ တရုတ်ဆိုရိုးစကားအရ "နှစ်လပိုင်းနှစ်ရက်နေ့တွင် နဂါးခေါင်းဆံသလျှင် တစ်နှစ်ပတ်လုံး ကျန်းမာလန်းဆန်း၏" ဟုဆိုသည်။ တရုတ်သက္ကရာဇ်အရ နှစ်စဉ် နှစ်လနှစ်ရက်နေ့ကျတိုင်း ဆံသဆိုင်တွင် ဆံသသူတွေ ဝင်လာမစဲ တသဲသဲ ဖြစ်ပြီး အရောင်းအဝယ်တွင်ကျယ်လှသည်။



မကြာသေးမီ ရက်ပိုင်းတွင် ကူမင်းမြို့တွင်းရှိ ဆံသဆိုင်များ၌ ဆံသသူများ မဆံ့နိုင်လောက်အောင် များပြီး ဆိုင်တိုင်းလိုလို ဆံသရန် မြို့သူမြို့သားများသည် အရှည်ကြီး တန်းစီရသည်။

မြို့သားဖြစ်သူ မစ္စတာကျန်သည် တစ်အိမ်သားလုံးရှိ မိသားစုဝင်(၅)ယောက်စလုံး ဆံသရန်ရောက်ရှိလာကြခြင်း ဖြစ်သည်။ နဂါးခေါင်းနေ့တွင် ဆံသ၍ လာမည့်နှစ်တွင် တစ်အိမ်သားလုံး သင့်သင့်မြတ်မြတ်၊ ကျန်းကျန်းမာမာ ရှိနိုင်မည်ဟု မျှော်လင့်ထားသည်။



ကူမင်းမြို့ ကာကွယ်ရေးလမ်းပေါ်ရှိ ဆံသဆိုင်တစ်ဆိုင်၏ ပိုင်ရှင်ဖြစ်သူ ရှောင်ဝမ်သည် သူ့အနေနှင့် ဆံသဆိုင် ဖွင့်လှစ်ထားသည်မှာ ကြာလှပြီဖြစ်ကြောင်း၊ သာမန်အားဖြင့် "နဂါးခေါင်းမော့"နေ့တွင် ဆံသသူများမှာ ခါတိုင်းထက် ပိုများလေ့ရှိကြောင်း သတင်းထောက်အား ပြောကြားသွားသည်။ "မနေ့က ကျွန်တော့် ဖောက်သည် လေးငါးဦးတို့က ဖုန်းဆက်လာခဲ့ပြီး ဘယ်နှစ်နာရီ ဆိုင်ဖွင့်သလဲလို့ မေးကြတယ်။ ဒါကြောင့် ဒီနေ့ ကျွန်တော် ခါတိုင်းထက် (၃)နာရီစောပြီး ဖွင့်တာပါ။ မနက်(၈)နာရီမှာပဲ ဆိုင်ဖွင့်တယ်။ လာတဲ့ဧည့်သည်တွေ ခါတိုင်းထက် ပိုများတယ်။ ဆိုင်ဖွင့်ချိန်ကစပြီး အခုအထိ မနားရသေးဘူး" ဟု၎င်းက ဆက်ပြောသည်။

နန်ဖင်လမ်းက ဆံသဆိုင် တစ်ဆိုင်ရှိ ငွေကောက်ဝန်ထမ်းကလည်း "ဒီနေ့မနက်ကစပြီး ခုအထိ ဆံသသူ (၁၅၀)ကျော်ရှိနေပြီ။ ဆံသဆရာသုံးလေးဦးတို့ဟာ အလုပ်များလွန်းလို့ နေ့လယ်စာတောင် မစားရသေးဘူး။" ဟုပြောသည်။

လူကြီးတွေသာမက ဆံသရန် ရောက်လာကြသည့် ကလေးတွေလည်း မနည်းလှပါ။ ချစ်စရာကောင်းသော ကတုံးဆံတောက် သို့မဟုတ် ဘဲမြီးဆံတောက်အပြင် ဆံသဆရာ၏ အကြံပြုချက်အရ (၈၀)၊ (၉၀)ဆယ်စုနှစ်မွေးမိဘများက မိမိကလေးအတွက် "မက်မွန်သီးပုံ"၊ "ကြက်ဖခေါင်းပုံ" စသည့် ဆန်းသစ်သော ဆံပင်ပုံစံများ ညှပ်ပေးရန် သဘောတူလေ့ရှိသည်။ ပိုမို ဖက်ရှင်သည်မှာ ကြယ်ပုံ သို့မဟုတ် ပန်းသီးပုံကိုလည်း ညှပ်ပေးရန် တောင်းဆိုလေ့ရှိသည်။

လီရှီချိန်